# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## အမိန့်ကြော်ငြာစာအမှတ် ၈၆ / ၂၀၁၈
၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ကျောက်မျက်ကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်၊ တိုင်းရင်းသားပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းရရှိလာစေရန်နှင့် တရားမဝင် တူးဖော်ထုတ်လုပ်မှုများ လျော့နည်းပပျောက်စေပြီး တရားဝင်တူးဖော်စေရေးအား တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်လျက် မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၅၄၊ ပုဒ်မခွဲ(ခ)တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ကျောက်မျက်ရတနာ လက်လုပ်လက်စားထုတ်လုပ်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ကျောက်မျက်ရတနာ လက်လုပ်လက်စား ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သို့ လျှောက်ထားရမည်။

၃။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည်-

(က) လက်လုပ်လက်စား ထုတ်လုပ်ရန် ခွင့်ပြုမိန့် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၄ နှင့် ပုဒ်မ ၁၅ ပါအတိုင်း ပြည်ထောင်စုအစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းသဘောထားရယူပြီး လုပ်ငန်းအတွက် ခွင့်ပြုမိန့်သက်တမ်းနှင့် ကြမ်းခင်းဈေးနှုန်း သတ်မှတ်ခြင်း၊ လျှောက်ထားသူက သတ်မှတ်ကာလအတွင်း သတ်မှတ်ထားသော ဈေးနှုန်းပေးသွင်း၍ ခွင့်ပြုမိန့် ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) လက်လုပ်လက်စားလုပ်ကွက်များ လုပ်ကိုင်ခွင့်ချထားပေးခြင်းအတွက် မြန်မာ့ကျောက်မျက်ရတနာဥပဒေအရ ပြည်ထောင်စုဝန်ကြီးဌာနက ထုတ်ပြန်သည့် အမိန့်နှင့် ညွှန်ကြားချက်များအား ဆက်လက်ရည်ညွှန်းလျက် ထပ်ဆင့်ထုတ်ပြန်ပေးနိုင်သည်။

(ဂ) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက သဘောတူ သတ်မှတ်ပေးသည့် ဧရိယာတွင် လက်လုပ်လက်စားလုပ်ကွက်များအဖြစ် အကွက်ရိုက် သတ်မှတ်ပေးရမည်။

(ဃ) လက်လုပ်လက်စားလုပ်ကွက်များ လုပ်ကိုင်ခွင့်ချထားပေးနိုင်ရန် ရွေးချယ်မှုစနစ်ကို သတ်မှတ်ပေးရမည်။

၄။ ကျောက်မျက်ရတနာ လက်လုပ်လက်စား တူးဖော်လုပ်ကိုင်လိုသူသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သို့ ခွင့်ပြုမိန့် လျှောက်ထားရာတွင် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့က သတ်မှတ်သည့် ဒေသခံပုဂ္ဂိုလ်ဖြစ်ရမည်။

(ခ) လျှောက်ထားသူကိုယ်တိုင်လက်မှတ်ရေးထိုးထားသော သတ်မှတ်လျှောက်လွှာပုံစံဖြင့် တင်ပြရမည်။

(ဂ) အောက်ပါအထောက်အထားများ တင်ပြရမည်-

(၁) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ လိုင်စင်ဓာတ်ပုံ(၂)ပုံ။

(၂) လျှောက်ထားသူ အမြဲတမ်းနေထိုင်ရာ နယ်မြေရှိရဲစခန်း၏ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်းနှင့် အမှန်တကယ်နေထိုင်ကြောင်း ထောက်ခံချက်(မူရင်း)။

(၃) အိမ်ထောင်စုစာရင်းပုံစံ(၆၆/၆)မိတ္တူမှန်။

(၄) ကျောက်မျက်ရတနာ/ သတ္တုအကြီးစား၊ အလတ်စား၊ အသေးစားတူး ဖော်ထုတ် လုပ်ခွင့်ရရှိထားသူ မဟုတ်ကြောင်း ကိုယ်တိုင်ကတိခံဝန်ချက်။

(ဃ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့က သတ်မှတ်ထားသည့် လက်လုပ်လက်စား လုပ်ကွက်များကိုသာ လျှောက်ထားရမည်။

(င) လုပ်ကွက်အရေအတွက်(၃)ကွက်ထက်ပို၍ လျှောက်ထားခြင်းမပြုရ။

(စ) လုပ်ကွက်များလျှောက်ထားရာတွင် လုပ်ကွက်(၁)ကွက်လျှင် အာမခံစပေါ်ငွေ ကျပ် ၅ သိန်း ပေးသွင်းရမည်။

(ဆ) အဆိုပြုလွှာများကို သတ်မှတ်ရက်အတွင်း တင်သွင်းရမည်။

(ဇ) ဆက်စပ်ဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

၅။ ကျောက်မျက်ရတနာလက်လုပ်လက်စားထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည်-

(က) ခွင့်ပြုမိန့်၌ပါရှိသော စည်းကမ်းများကို လိုက်နာရမည်။

(ခ) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ရာတွင် မြင်းကောင်ရေ(၂၅)ကောင်ထက် မပိုသော စက်ကိရိယာများနှင့် စက်ပစ္စည်းများကို သတ်မှတ်ချက်များနှင့်အညီ အသုံးပြုရမည်။

(ဂ) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေအရ သတ်မှတ်ထားသော စည်းကမ်းချက်များကို တိကျစွာ လိုက်နာ၍ ဆောင်ရွက်ခြင်းနှင့် သုံးစွဲခြင်းပြုရမည်။

(ဃ) လုပ်ကိုင်ခွင့်ပြုမိန့်ရ လုပ်ကွက်ဧရိယာအတွင်း ကျောက်မျက်ရတနာများကို ခွင့်ပြုမိန့်ပါ စည်းကမ်းချက်နှင့်အညီ ခွင့်ပြုမိန့်ရရှိသူကိုယ်တိုင် လုပ်ကိုင်ရမည်။

(င) လုပ်ကိုင်ခွင့်ပြုမိန့်ရ လုပ်ကွက်ဧရိယာအတွင်း ကျောက်မျက်ရတနာ လက်လုပ်လက်စား ထုတ်လုပ်ခြင်းကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျဆောင်ရွက်ရမည်။

(စ) မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်သည့်အခွန်အခများနှင့် ရတနာခွန် များကို စနစ်တကျ ပေးဆောင်ရမည်။

(ဆ) တူးဖော်ခွင့်ရလက်လုပ်လက်စားလုပ်ကွက်များကို တစ်ဆင့်လွှဲပြောင်းရောင်းချခြင်း၊ လုပ်ကိုင်စေခြင်းမပြုရ။

(ဇ) ခွင့်ပြုထားသည့် ကျောက်မျက်ရတနာမှအပ ဓာတ်သတ္တုများ တူးဖော်ခွင့်မပြုရ။ ဓာတ်သတ္တုများတူးဖော်တွေ့ရှိပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာနများသို့ သတင်းပို့ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရမည်။

(ဈ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့က သတ်မှတ်ထားသော ညွှန်ကြားချက်များကို လိုက်နာရမည်။

(ည) ခွင့်ပြုမိန့် သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်ရေးအတွက် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားခြင်းမပြုဘဲ ခွင့်ပြုမိန့်အသစ်ထုတ်ပေးရန်သာ လျှောက်ထားခွင့်ရှိသည်။

(ဋ) လုပ်ကွက်အတွင်း သစ်တောသစ်ပင်များကို တတ်နိုင်သမျှ ချန်လှပ်၍ လုပ်ငန်းလုပ်ကိုင်ရမည်။

၆။ ကျောက်မျက်ရတနာ လက်လုပ်လက်စား ထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူသည် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့၏ စစ်ဆေးကြီးကြပ်မှုဖြင့် အောက်ပါတို့ကို တိကျစွာလိုက်နာဆောင်ရွက်ရမည်-

(က) မြစ်ချောင်းများအတွင်း ရေကြောင်းလွှဲပြောင်းတူးဖော်ခြင်း၊ ပိတ်တန်းများပြုလုပ်၍ တူးဖော်ခြင်း၊ ဆင်းတွင်းနှင့်ကလိုင်များ ပြုလုပ်တူးဖော်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် တူးဖော်ခြင်းမပြုရ။

(ခ) တောင်ကျရေဆင်းလမ်းနှင့် လျှိုမြောင်များ၊ မြစ်ချောင်းများနှင့် သဘာဝ ရေဝေရေလဲနေရာများတွင် မြေစာနှင့်ကျောက်တုံး၊ ကျောက်ခဲများ စွန့်ပစ်ခြင်း လုံးဝမပြုရ။

(ဂ) မျှောစင်များပြုလုပ်၍ ရေပန်းထိုးရှာဖွေခြင်း၊ ရေပန်းထိုး၍ မျှောတိုက်ခြင်းများဆောင်ရွက်ရာတွင် နုန်းစုကန်၊ ရေစစ်ကန်၊ ရေကြည်ကန်များ စနစ်တကျပြုလုပ်၍ ဖြတ်သန်းစေပြီး သန့်စင်ပြီးသည့်ရေများကိုသာ မြစ်ချောင်းများအတွင်းသို့ စီးဝင်စေရမည်။

(ဃ) တူးဖော်ဆဲနှင့်တူးဖော်ပြီးပါက တူးဖော်ပြီးနေရာများကို မြေပြန်လည်ပြုပြင်ခြင်း၊ ဒေသနှင့်ကိုက်ညီသည့် အပင်များ ပြန်လည်စိုက်ပျိုးခြင်းများ ဆောင်ရွက်ရမည်။

၇။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် ကျောက်မျက်ရတနာ လက်လုပ်လက်စားထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူအား မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ သက်ဆိုင်သည့် အခွန်အခများကို ပေးဆောင်စေရန်နှင့် ယင်းဥပဒေအရ

ရရန်ရှိသောငွေများကို ပြည်ထောင်စုအစိုးရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနက တာဝန်ပေးအပ်သောအရာရှိအား တည်ဆဲဥပဒေများပါ ကော်လိတ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အရကောက်ခံရေး တာဝန်ပေးဆောင်ရွက်စေရမည်။

၈။ စစ်ကိုင်းတိုင်းဒေသကြီး၊ခန္တီးရတနာနယ်မြေအတွင်းကျောက်မျက်ရတနာလက်လုပ်လက်စား လုပ်ကိုင်ခွင့်ပြုသည့် (၁၃.၂.၂၀၁၈)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၂/၂၀၁၈ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ပုံ) အုန်းဝင်း
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ဖ ခွဲ (၂) ၁၈/ **သတ္တု** ( ၁၁၄၃၀ )
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
သမ္မတဦးစီးရုံး
ဒုတိယသမ္မတဦးစီးရုံးများ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

နေပြည်တော်ကောင်စီရုံး

တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

သတ္တုတွင်းဦးစီးဌာန

ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန

အမှတ်(၁)သတ္တုတွင်းလုပ်ငန်း

အမှတ်(၂)သတ္တုတွင်းလုပ်ငန်း

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့ဝင်အားလုံး

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးဦးစီးဌာန | မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာ<br>ပေးပါရန်မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ |

အမိန့်အရ

မင်းမင်းဦး

အမြဲတမ်းအတွင်းဝန်